# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၁၈)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်**

**(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)**

**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## မူကြမ်း

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၅၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၄.၇၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးကို မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ် မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသူများရဲ့စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအနေဖြင့် တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၁ ရက်၊

(၂) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၁ ရက်၊

(၃) အင်္ဂပူမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၁ ရက်၊

(၄) သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း ခွင့် ၃ ရက်၊

(၅) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး ခွင့် ၁ ရက်၊

(၆) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဌေး ခွင့် ၁ ရက်၊

(၇) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၃ ရက်၊

(၈) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွန်းဦး ခွင့် ၁ ရက်၊

(၉) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမျိုးကိုကို ခွင့် ၁ ရက်၊

(၁၀) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၃ ရက်၊

(၁၁) မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းစောတင် ခွင့် ၁ ရက်၊

(၁၂) ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးရှိန်ကျော်ဝင်း ခွင့် ၁ ရက်၊

(၁၃) ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း ခွင့် ၁ ရက်၊

(၁၄) ဖြူးမဲဆန္ဒနယ်မှ ဦးညွန့်လှိုင် ခွင့် ၃ ရက်၊

(၁၅) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၁ ရက်နှင့်

(၁၆) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၃ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာတက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၈ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၆ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၆၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းနှင့်ပတ်သက်၍ လွှတ်တော်အခွင့်အရေး ကော်မတီက တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်းနှင့်ပတ်သက်၍ ကိုယ်စားလှယ်များမေးမြန်းခြင်း ၃ မိနစ်၊ ဝန်ကြီးဌာနက ဖြေကြားခြင်း ၃ မိနစ်ဟု သတ်မှတ်ထားသော်လည်း ဝန်ကြီးဌာနများအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များကို ရှင်းလင်းဖြေကြားရာတွင် အချိန်မလုံလောက်သည့်အတွက် သတ်မှတ်ထားသည့် စည်းကမ်းများကို အချိန်ကျော်လွန်၍ ဝန်ကြီးဌာနများအား ဖြေကြားခွင့်ပေးနေရပါတယ်။ သို့ဖြစ်ပါ၍ ၃-၂-၂၀၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့တွင် လွှတ်တော်၏ သဘောထားပြောရန် တင်ပြပြီးဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်အခွင့်အရေး ကော်မတီက ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကမာရွတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးရင် ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ မေးခွန်းများမေးမြန်းခြင်းနှင့် ဖြေကြားခြင်းနဲ့ပတ်သက်ပြီးတော့ အချိန်သတ်မှတ်တဲ့ကိစ္စနှင့်သဘောထားတင်ပြချက် ကျွန်တော်တို့ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ သဘောထားတင်ပြချက်ကို တင်ပြဖို့ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်အစည်းအဝေးများမှာ လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းမေးမြန်းရာတွင် မေးခွန်းမေးမြန်းချိန်ကို ၃ မိနစ်၊ သက်ဆိုင်ရာဝန်ကြီးဌာနများက ပြန်လည်ဖြေကြားဖို့အတွက် သတ်မှတ်ချိန် ၃ မိနစ်လို့ လွှတ်တော်က သဘောတူသတ်မှတ်ပေးခဲ့ပါတယ်။ ဒါပေမယ့် ဝန်ကြီးဌာနများအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များကို ရှင်းလင်းဖြေကြားရာမှာ သတ်မှတ်ထားတဲ့အချိန်ကို ကျော်လွန်ပြီး ဖြေကြားနေကြရတဲ့အတွက် ယင်းသို့ဖြေကြားရန် ဥက္ကဋ္ဌကြီးမှ ဖြေကြားခွင့် ခွင့်ပြုပေးနေရတာဖြစ်ပါတယ်။ ဒီအတွက်ကြောင့် ၃-၂-၂၀၁၅ ရက်နေ့မှာ ကျင်းပသော (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ လွှတ်တော်ရဲ့သဘောထားကို ပြောကြားပေးပါရန် ဥက္ကဋ္ဌကြီးမှ လွှတ်တော်သို့ တင်ပြထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့

ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအနေဖြင့် ယင်းကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်း သဘောထားတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား-

(က) လွှတ်တော်ကိုယ်စားလှယ်များ မေးခွန်းမေးမြန်းချိန်ကို ၃ မိနစ်သတ်မှတ်ထားရှိသည့်အတိုင်း သတ်မှတ်ချိန်အတွင်း မေးခွန်းမေးမြန်းနိုင်ရန်အတွက် မေးခွန်းများကိုပြုစုမေးမြန်းကြရန်၊

(ခ) ဆက်စပ်မေးခွန်းများ၊ ထပ်ဆင့်မေးခွန်းများ မေးမြန်းရာတွင် အကြောင်းအရာနှင့်မသက်ဆိုင်သော၊ ဆက်စပ်မှုမရှိသော၊ မေးခွန်းမဟုတ်သော အကြောင်းအရာများကိုတင်ပြခြင်းမပြုကြရန်နှင့် လိုရင်းတိုရှင်း ဆက်စပ်မေးခွန်းများကိုသာ မေးမြန်းကြရန်၊ ထိုသို့တင်ပြခြင်းမပြုပါက ဥက္ကဋ္ဌကြီးမှ တားမြစ်ဆောင်ရွက်ပေးရန်၊

(ဂ) ဝန်ကြီးဌာနများအနေဖြင့် မေးခွန်းများဖြေကြားရာတွင် အချိန်မလုံလောက်သည့်အတွက် သတ်မှတ်ထားချိန် ၃ မိနစ်အစား ၆ မိနစ်သတ်မှတ်ပေးပြီး ယင်းသတ်မှတ်ချိန် ၆ မိနစ်အတွင်း မေးခွန်းများကို ရှင်းလင်းဖြေကြားနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဖြေကြားရန် သဘောထား တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးမှ အဆိုပါသဘောထားအဆိုပြုချက်များကို လွှတ်တော်မှ အတည်ပြုသတ်မှတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်ကို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**နိုင်ငံသူ နိုင်ငံသားများ အိုးအိမ်မြေဂရန်နှင့် အိမ်ခြံမြေဂရန်များကို လျှောက်ထားတောင်းခံရန်မလိုဘဲ အထူးစီမံချက်ချမှတ်၍ တစ်ပြည်လုံး အတိုင်းအတာအနေဖြင့် အိုးအိမ်မြေဂရန်၊ အိမ်မြေဂရန်များ ပြုလုပ်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစွာ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးခမိုင်မုံကွမ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခမိုင်မုံကွမ်(ဆွမ်ပရာဘွမ်မဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခမိုင်မုံကွမ် (ခေါ်) ဒူဝါခမိုင်တန် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော် မေးမြန်းတောင်းခံလိုသောကဏ္ဍများမှာ နိုင်ငံသူနိုင်ငံသား၊ တိုင်းရင်းသား မိဘပြည်သူများအားလုံး ခိုင်မာသောအိုးအိမ်မြေဂရန်နှင့် အိမ်ခြံမြေဂရန်များ ရရှိနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အထူးစီမံချက်ချမှတ်၍ မိဘပြည်သူများကို ခိုင်မာသောမြေဂရန်ကို ပြုလုပ်ပေးနိုင်ပါရန်အတွက် မိဘပြည်သူများကိုယ်စား တိုက်တွန်းတောင်းခံ မေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ယနေ့အချိန်အခါမှာ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို သမ္မတကြီးနှင့်နာယကကြီးမှ ဦးစီးဦးဆောင်၍ နယ်မြေဒေသအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ရာတွင် အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်များဖြင့် မဏ္ဍိုင်သုံးရပ်ကို ရှေ့တန်းတင်ပန်းတိုင်ထား၍ နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသား၊ တိုင်းရင်းသားပြည်သူများအားလုံး လုံခြုံစိတ်ချမှုနှင့်အတူ ဘက်စုံကဏ္ဍစုံအနေဖြင့် ဖွံ့ဖြိုးတိုးတက်လာစေနိုင်ရေးအတွက်မှာ မိသားစုတိုင်းအနေဖြင့် စီးပွားရေးလုပ်ငန်းများကို ထူထောင်တည်ဆောက်ရန်လိုအပ်သဖြင့် ခိုင်မာသောမြေဂရန်များ၊ အိမ်ထောင်စုတိုင်း လက်ဆုပ်လက်ကိုင်ရရှိနိုင်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည်နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် တာဝန်ယူ၊ တာဝန်ခံ၍ လုပ်ပေးရန်လိုအပ်သည်ဟု တင်ပြလိုပါတယ်ခင်ဗျား။ ယခုအချိန်မှာ နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံမိသားစု လူတန်းစားများအပါအဝင် နယ်မြေဒေသအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ငွေစု၊ ငွေချေးလုပ်ငန်းများကိုလည်း တည်ထောင်ချေးငှားပေးလျက်ရှိသည်နှင့်အညီ

တိုင်းရင်းသားမိဘပြည်သူများအနေနဲ့လည်း ဝမ်းမြောက်ဝမ်းသာ လက်ကမ်းကြိုဆိုလျက်ရှိသည်မှာ ထင်ရှားလျက်ရှိပါတယ်ခင်ဗျား။ သို့သော်လည်း မိဘပြည်သူများ အနေဖြင့် အစိုးရထံတွင်ဖြစ်စေ၊ လုပ်ငန်းရှင်များထံဖြစ်စေ၊ ငွေကြေးပြေလည်သောအပေါင်းအသင်းထံသို့ဖြစ်စေ၊ ခိုင်မာသောအိုးအိမ်မြေဂရန်နှင့် အိမ်ခြံမြေဂရန်များကိုရရှိမှသာလျှင် ပေါင်နှံချေးငှားခြင်းများကို အသုံးပြု၍ မိသားစုစီးပွားရေးလုပ်ငန်းများကို မတည်ရင်းနှီးထူထောင်နိုင်မှာဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလို နိုင်ငံတော်အနေဖြင့် နိုင်ငံသူနိုင်ငံသား မိဘပြည်သူများကို ဂရုဏာထားဆောင်ရွက်ပေးရာတွင်လည်း အခက်အခဲအနေဖြင့် များပြားနိုင်သည်ကိုလည်း မှန်းဆတွက်ချက်ရပါသည်ခင်ဗျား။ မိဘပြည်သူများအနေဖြင့် အိမ်ခြံရောင်းဝယ်ရေးစာချုပ်စာတမ်းများပျောက်ဆုံးခြင်း၊ ဂရန်ပျောက်ဆုံးခြင်း၊ ဂရန်သက်တမ်းကုန်ဆုံးခြင်း၊ ညီတစ်ကိုမောင်နှမအချင်းချင်းအငြင်းပွားခြင်း၊ အချို့မှာ အိမ်ရှင်မိသားစုက နိုင်ငံခြားသို့သွားရောက်နေထိုင်ခြင်းစသော အငြင်းပွားအရှုပ်အရှင်းများမှာ အနည်းအပါးရှိနိုင်သော်လည်း နိုင်ငံတော်အနေဖြင့် နယ်မြေဒေသအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်မှာ မိဘပြည်သူများအားလုံးက ခိုင်မာသော အိုးအိမ်မြေဂရန်နှင့် အိမ်ခြံမြေဂရန်များရရှိမှသာလျှင် ပေါင်နှံချေးငှား၍ မိသားစုစီးပွားရေးလုပ်ငန်းများကို ထူထောင်တည်ဆောက်နိုင်မှာဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် တာဝန်ယူ၊ တာဝန်ခံ၍ မိဘပြည်သူများကို အထူးစီမံချက်ချမှတ်၍ တစ်ပြည်လုံးအတိုင်းအတာအနေဖြင့် ခိုင်မာသောအိုးအိမ်မြေဂရန်နှင့် အိမ်ခြံမြေဂရန်မဖြစ်မနေ ပြုလုပ်ပေးနိုင်ပါရန် တင်ပြလျှောက်ထားအပ်ပါတယ်ခင်ဗျား။ အထက်ပါနိုင်ငံသူ နိုင်ငံသား တိုင်းရင်းသား မိဘပြည်သူများကိုယ်စား တင်ပြလျှောက်ထားတောင်းခံ မေးမြန်းမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ဘယ်နည်း၊ ဘယ်ပုံနှင့် ကူညီပံ့ပိုးပေးမည်ကို သိလိုပါသဖြင့် ဖြေကြားပေးပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် လေးစားစွာဖြင့် တိုက်တွန်းတောင်းခံမေးမြန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

ဖြေကြားချက်

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က တော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ ဆွမ်ပရာဘွမ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခမိုင်မုံကွမ်မှ မေးမြန်းထားတဲ့ နိုင်ငံသားများရဲ့ အိမ်ခြံမြေဂရန်များကို လာရောက်လျှောက်ထားတောင်းခံရန် မလိုအပ်ဘဲ နိုင်ငံတော် အစိုးရမှ အထူးစီမံချက်ချမှတ်၍ တစ်ပြည်လုံးအတိုင်းအတာအနေဖြင့် အိမ်တိုင်ရာရောက် သွားရောက် စုံစမ်း၍ အိမ်ခြံမြေဂရန်များကိုပြုလုပ်နိုင်ရေး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စု အစိုးရအဖွဲ့အနေဖြင့် မည်သို့ကူညီပံ့ပိုးပေးမည်ကို သိလိုကြောင်း မေးမြန်းထားတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေ အခန်း(၁) အခြေခံမူများ၊ ပုဒ်မ ၃၇ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်သည် နိုင်ငံတော်ရှိမြေအားလုံး၊ မြေပေါ်မြေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည် ဟူ၍လည်းကောင်း၊ ပုဒ်မ ၃၇ ပုဒ်မခွဲ(ဂ)မှာ နိုင်ငံသားများအား ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်၊ ကိုယ်ပိုင်လုပ်ကိုင်ခွင့်၊ တီထွင်ခွင့်နှင့် မူပိုင်ခွင့်တို့ကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ခွင့်ပြုရမယ်လို့ ပြဋ္ဌာန်းထားတာရှိပါတယ်။

မြေငှားစာချုပ်များဆောင်ရွက်ပေးခြင်းနှင့်ပတ်သက်ပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဘိုးဘွားပိုင်မြေ၊ ဂရန်မြေ၊ အစိုးရမြေ၊ စက္ကာတာမြေ၊ လိုင်စင်မြေ စတဲ့ အမျိုးအစားများအနက် ရန်ကုန်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းမှာရှိတဲ့ အစိုးရမြေများကိုသာ ဂရန်ပေးရပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ရန်ကုန်စည်ပင်သာယာရေးနယ်နိမိတ် အတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှာ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မန္တလေး စည်ပင်သာယာရေးကော်မတီမှလည်းကောင်း၊ နေပြည်တော်ကောင်စီမှာ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှလည်းကောင်း၊ ကျန်မြို့နယ် များမှာ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှလည်းကောင်း မြေငှားလိုင်စင်၊ မြေငှားစာချုပ်များ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မြေဂရန်ထုတ်ပေးရာမှာ ၁၈၉၈ ခုနှစ် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာများအက်ဥပဒေ ပုဒ်မ ၁၆ အရလည်းကောင်း၊ နည်းဥပဒေအခန်း(၂)ပါ ဥပဒေများအရလည်းကောင်း၊ အမှန်ခံစားခွင့်ရှိသူများကို သေချာစွာစိစစ်ပြီး မြေပိုင်ဆိုင်မှုခိုင်မာစွာ တင်ပြလာလျှင် ဂရန်ထုတ်ပေးရေးအတွက် ဆောင်ရွက်ပေးရပါတယ်။ မြေဂရန်များလျှောက်ထားမှုမရှိဘဲ ထုတ်ပေးမည်ဆိုပါက ၁၈၉၈ ခုနှစ် အောက်မြန်မာပြည် မြို့နှင့်ကျေးရွာများဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေ၊ နည်းဥပဒေအရလည်းကောင်း၊ အမှန်တကယ်သက်ဆိုင်သူအား ထုတ်ပေးခြင်းမပြုမိဘဲ မသက်ဆိုင်သူများထံသို့ ထုတ်ပေးခြင်းမျိုးဖြစ်လာနိုင်ခြင်းတို့ကြောင့် မြေငှား ဂရန် လျှောက်ထားသူကိုသာ စိစစ်ထုတ်ပေးရခြင်းဖြစ်ပါတယ်။ ထို့အပြင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးခွန်းမှာဖော်ပြထားသည့် မြေဂရန်များပျောက်ဆုံးခြင်းအတွက် မိတ္တူမှန်လျှောက်ထားနိုင်သလို သက်တမ်းကုန်ဆုံးခြင်းအတွက် သက်တမ်းတိုးခြင်းလည်းလျှောက်ထားဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ သွက်လက်မြန်ဆန်စေရန်အတွက် မြေငှားဂရန်များ ခွင့်ပြုပေးရာမှာ ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် မြေစီမံခန့်ခွဲသော ရုံး၊ ဌာနများအနေဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ ခိုင်မာတဲ့ မြေဂရန်ရရှိခြင်းအား နိုင်ငံသူ နိုင်ငံသား မိဘပြည်သူများရဲ့ အိမ်ခြံမြေဂရန်များကို လာရောက်လျှောက်ထားတောင်းခံရန်မလိုအပ်ဘဲ နိုင်ငံတော်အစိုးရမှ အထူးစီမံချက်ချမှတ်၍ တစ်ပြည်လုံးအတိုင်းအတာအနေဖြင့် အိမ်တိုင်ရာရောက် သွားရောက်စစ်ဆေး၍ မြေဂရန်များကို ပြုလုပ်နိုင်ရေးနှင့်ပတ်သက်၍ မြေဂရန်ရယူလိုသူများသည် မြေစီမံခန့်ခွဲသော ရုံး၊ ဌာနများသို့ လျှောက်ထားရန် လိုအပ်ပါတယ်။ မြေစီမံခန့်ခွဲမှုပြုလုပ်နေသော ရုံး၊ ဌာနအသီးသီးမှလည်း အတတ်နိုင်ဆုံး လုပ်ငန်းစဉ်များကိုဖြေလျှော့၍ လျင်မြန်စွာဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြေငှားစာချုပ်လျှောက်ထားခြင်း၊ လျှောက်ထားမှုမပြုခြင်းတို့သည် မြေအသုံးချသူ၏ သဘောဆန္ဒအတိုင်း လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိသော ကိစ္စရပ်ဖြစ်တဲ့အတွက် မြေငှားစာချုပ် လာရောက်လျှောက်ထားခြင်းမရှိဘဲ အိမ်တိုင်ရာရောက်သွားရောက်စစ်ဆေးပြီး မြေငှားစာချုပ်ပြုလုပ်ပေးခြင်းကို ဆောင်ရွက်ပေး၍ မရပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**နိုင်ငံ့ဝန်ထမ်းများအဖြစ် အမှန်တကယ်အလုပ်လုပ်ကိုင်လို၍ အလုပ်လျှောက်ထားလာသည့် အသက် (၃၀/၃၅) နှစ်ခန့် ဘွဲ့ရပြီးသူများအား နိုင်ငံ့ဝန်ထမ်းအဖြစ် ဦးစားပေးခန့်ထားရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ဦးခင်မောင်ညို၊ ပေါက်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(ပေါက်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ လွှတ်တော် လေ့လာရေးအဖွဲ့ဝင်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က တော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံ့ဝန်ထမ်းများ ခန့်ထားခြင်းနှင့်ပတ်သက်သည့် မေးခွန်းအား မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်အောင် ကြိုးပမ်းအကောင်အထည် ဖော်ဆောင်ရွက်ပေးနေသည့်ကာလ ဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်ပေးနေမှုများထဲတွင် ဆင်းရဲနွမ်းပါး မှုလျှော့ချရေး၊ အလုပ်လက်မဲ့ လျှော့နည်းရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ထိုကဲ့သို့ ဆောင်ရွက်ပေးနေမှုများရှိနေသော်လည်း ဘွဲ့ရ၍ အလုပ်လုပ်ကိုင်လိုသော လူငယ်လူလတ်များ အလုပ်လုပ်ကိုင်ရန် အကြိမ်ကြိမ်အလုပ်လျှောက် ထားရင်းအသက် ၃၀၊ ၃၅ နှစ်ပြည့်သွား၍ နိုင်ငံ့ဝန်ထမ်းဖြစ်ခွင့်မရဖြစ်ကာ အလုပ်လက်မဲ့များအဖြစ် များစွာတွေ့မြင်နေရပါတယ်။ ထိုသို့ဖြစ်နေရခြင်းမှာလည်း နိုင်ငံ့ဝန်ထမ်းများခန့်ထားရာမှာ အသက် ကန့်သတ်ချက်များနှင့် ခေါ်ယူခန့်ထားပေးနေခြင်းများကြောင့် အလုပ်လျှောက်၍ အလုပ်မရကာ အသက်ကြီးလာပြီး အလုပ်လုပ်ကိုင်ခွင့်တွေ တဖြည်းဖြည်းဝေးကွာနေကြရပြီး အလုပ်လက်မဲ့ဘဝသို့ ရောက်ရှိသွားခဲ့ရပါတယ်။ ထိုကဲ့သို့ဖြစ်ပေါ်နေမှုများကြောင့် အလုပ်လက်မဲ့ဖြစ်ခဲ့ရသော လူငယ် လူလတ်များနှင့် ၎င်းတို့၏မိဘများအပါအဝင် အများပြည်သူအပေါင်းတို့က စိတ်မကောင်းစွာ ဖြစ်ရပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁ တွင် နိုင်ငံတော်သည် ပြည်သူများ အလုပ် လက်မဲ့နည်းပါးစေရန် တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ ထို့နောက် နိုင်ငံ့ဝန်ထမ်းများခန့်ထားရာတွင် အမှန်တကယ်လိုအပ်၍ အသက်အပိုင်းအခြား ကန့်သတ်ချက်ဖြင့် ခန့်ထားပေးရန်လုပ်ငန်းတာဝန်များမှအပ ကျန်လုပ်ငန်းတာဝန်အများစုကို ခန့်ထားတာဝန်ပေးမှုများ တွင် ဘွဲ့ရပြီးအသက် ၃၀၊ ၃၅ နှစ်ခန့် ရှိပြီး အလုပ်လုပ်လို၍ လျှောက်ထားကြသော လူငယ်လူလတ်

များ အလုပ်လက်မဲ့နည်းပါးစေရန် နိုင်ငံတော်က တတ်နိုင်သမျှကူညီဆောင်ရွက်ပေးသည့်သဘောဖြင့် ဦးစားပေးခန့်ထားပေးရန် လိုအပ်ပါတယ်။ ထိုကဲ့သို့ဆောင်ရွက်ပေးနိုင်မည်ဆိုပါက နိုင်ငံတော်အစိုးရ အပေါ် ပြည်သူများက ကျေးဇူးတင်နေမည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံ့ဝန်ထမ်းများအဖြစ် အမှန်တကယ်အလုပ်လုပ်ကိုင်လို၍ အလုပ်လျှောက်ထားလာကြသည့် အသက် ၃၀၊ ၃၅ နှစ်ခန့် ဘွဲ့ရပြီး သူများအားနိုင်ငံ့ဝန်ထမ်းအဖြစ် ဦးစားပေးခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိနှင့်ရှိပါက မည်သို့ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့်မရှိပါက အဘယ်ကြောင့်ဖြစ်ကာ ထိုသူများအပေါ် နိုင်ငံတော်မှ မည်သို့ကူညီဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်းတို့ကို သိလို၍ ဖြေကြားပေးနိုင်ပါရန် လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာကျော်ကျော်ဌေး(အဖွဲ့ဝင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ လို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို့ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေနဲ့ အလုပ်အကိုင်ရှာဖွေရေးရုံးတွေမှာ လိုအပ်တဲ့ပညာအရည်အချင်းတွေ၊ လုပ်ကိုင်နိုင်တဲ့ အသက် ၁၈ နှစ်ပြည့်ပြီးသောလူတွေကိုမှတ်ပုံတင် ပြီးတော့ သင့်တော်တဲ့လုပ်ငန်းခွင်တွေမှာဝင်ရောက်ဖို့ လုပ်ငန်းတွေကိုစီစဉ်ချိတ်ဆက် ဆောင်ရွက်ပေး နေတာဖြစ်ပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေနဲ့ ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့် ရာထူးလစ်လပ်မယ်ဆိုရင် အဲ့ဒီရာထူးမှာခန့်အပ်လိုကြောင်း ကျွန်တော်တို့ဆီကို အမှာစာပေးပို့လာတဲ့ လိုအပ်ချက်အရအသက်၊ ပညာအရည်အချင်း ကန့်သတ်ချက်နဲ့အဆိုပြုလာတဲ့အပေါ်မှာ ကြော်ငြာ ခေါ်ယူပေးတယ်။ ရေးဖြေစာမေးပွဲတွေကျင်းပပြီးတော့ စိတ်အခြေအနေစစ်ဆေးတယ်။ လူတွေ့ စစ်ဆေးခြင်းတွေလုပ်ပြီးတော့ ကျွန်တော်တို့ လုပ်ငန်းတွေကိုရရှိအောင် စီရင်ဆောင်ရွက်ပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ ပြန်တမ်းဝင်အဆင့် စတင်ခန့်ရာထူးအတွက်တော့ ပြင်ပပုဂ္ဂိုလ်ဖြစ်မယ်ဆိုရင် ၃၅ နှစ်၊ ဝန်ထမ်းဖြစ်ပါက ၄၅ နှစ်ထက်မကျော်လွန်စေရဆိုတဲ့ ယေဘုယျအားဖြင့် ကျွန်တော်တို့ သတ်မှတ်ထားရှိပါတယ်။ ဒီသတ်မှတ်ထားရှိတာနဲ့အညီ ဝန်ကြီးဌာနတွေနဲ့ အဖွဲ့အစည်းအသီးသီး

ကလည်းပဲ ဒီသတ်မှတ်ထားတဲ့အတိုင်းပဲ အဆိုပြုလျက်ရှိပါတယ်။ ကိုယ်စားလှယ်ကြီးဦးခင်မောင်ညိုရဲ့ မေးခွန်းပါ ၃၀၊ ၃၅ နှစ်ထက်ပိုပြီးတော့ အသက်ကန့်သတ်ချက်ဟာပြင်ပ ၃၅ နှစ်၊ ဝန်ထမ်းဖြစ်ပါက ၄၀ နှစ်ဆိုပြီးတော့ ယေဘုယျအားဖြင့် အခွင့်အလမ်းပေးထားကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါ့အပြင် ဒီနေ့ဘွဲ့ရလူငယ်တွေ အလုပ်ရရှိရေးအတွက်လည်းပဲ ကျွန်တော်တို့ တစ်ချိန်က တစ်နေရာတည်းမှာသာ စာမေးပွဲတွေကျင်းပပေးနေရာကနေပြီးတော့ နေပြည်တော်အပါအဝင် စင်တာ ၁၅ ခုဖွင့်ပြီးတော့ ကျွန်တော်တို့ စာမေးပွဲတွေကျင်းပတဲ့အခါမှာ ယခင်ကထက် ပိုမိုများပြားစွာဖြေဆိုနိုင်တဲ့ အခွင့်အလမ်းတွေ၊ ယှဉ်ပြိုင်နိုင်တဲ့အခွင့်အလမ်းတွေရလာတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီရာထူးရွေးချယ်ရေး စနစ်မှာတော့ အရည်အချင်းရှိတဲ့သူကို ဦးစားပေးတဲ့စနစ်ကို ကျင့်သုံးပါတယ်။ ဒီနေရာမှာလည်း ကျွန်တော်တို့ ရေးဖြေစာမေးပွဲကို မြန်မာ၊ အင်္ဂလိပ်၊ အထွေထွေဗဟုသုတတွေ ဖြေဆိုအောင်မြင်ပြီး တဲ့လူတွေကို လူတွေ့စစ်ဆေးမှုပြုလုပ်တဲ့အခါမှာ တကယ်လို့အရည်အချင်းတူညီနေမယ်ဆိုရင် အသက်ကြီးနေတဲ့သူတွေကို ကျွန်တော်တို့ ဦးစားပေးရွေးချယ်လျက်ရှိတာသာမက လမ်းပမ်းဆက်သွယ် ရေး ခက်ခဲတဲ့နေရာတွေ၊ ဝေးလံခေါင်သီတဲ့ဒေသမှလူငယ်တွေကိုလည်းပဲ ကျွန်တော်တို့ ဦးစားပေး ရွေးချယ်လျက်ရှိကြောင်း အသိပေးတင်ပြလိုပါတယ်။ တချို့ဆိုရင်ကျွန်တော်တို့ တချို့လက်ထောက် ဆရာဝန်တွေဆိုရင် ပြည်နယ်နဲ့တိုင်းအသီးသီးကိုသွားရောက်ပြီးတော့မှ ကျွန်တော်တို့ အင်တာဗျူးတွေ စစ်ဆေးပြီးတော့ ရွေးချယ်ပေးနေတာကိုလည်း စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ အခုနိုင်ငံဝန်ထမ်း တွေနဲ့ လက်ရှိအခြေအနေမှာ ဥပမာတင်ပြရရင် ကျွန်တော်တို့ရဲ့အခက်အခဲကတော့ ဒီနိုင်ငံဝန်ထမ်း ဖွဲ့စည်းပုံတွေဟာ ဥပဒေတွေနဲ့ဖွဲ့စည်းထားတဲ့အတွက် နေရာနဲ့လျှောက်တဲ့သူပေါ်မှာမူတည်ပြီးတော့ ဒါရွေးချယ်ရတဲ့အတွက် တချို့နေရာတွေမှာအခက်အခက်ရှိတာကိုတော့ နားလည်လက်ခံပေးနိုင်လိမ့် မယ်လို့ ယုံကြည်ပါတယ်။ လူငယ်တွေအလုပ်ရရှိအောင် ကျွန်တော်တို့ ပိုမိုကောင်းမွန်တဲ့နည်းစနစ် တွေနဲ့ စီမံဆောင်ရွက်ပေးနေတာဖြစ်ကြောင်း လေးစားစွာဖြေကြားရင်း နိဂုံးချုပ်ပါတယ်။

**ဦးမင်းဆွေ၊ ဒိုက်ဦးမဲဆန္ဒနယ်က ရန်ကုန်-မန္တလေးအမြန်လမ်းမသစ်ကြီးကဲ့သို့ ရန်ကုန်-မန္တလေး လမ်းဟောင်းနှင့် အခြားလမ်းမကြီးများတွင် မိုင်နှုန်းကန့်သတ်ပေးခြင်း၊ လမ်းအမှတ်အသားနှင့် သတိပေးဆိုင်းဘုတ်များ တပ်ဆင်ထားခြင်း၊ စည်းကမ်းထိန်းသိမ်းခြင်းနှင့် အရေးယူဆောင်ရွက် ခြင်းတို့ကို ပြုလုပ်ပေးပါရန်အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီးတော့ အစီအစဉ် ၇ ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ အဆိုတင်သွင်းဖို့အတွက် ဦးမင်းဆွေအား ဖိတ်ခေါ်ပါတယ်။

**ဦးမင်းဆွေ(ဒိုက်ဦးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဧည့်သည် တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒိုက်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ အောက်ပါအဆိုအား တင်ပြအပ်ပါတယ်။ ရန်ကုန်-မန္တလေးအမြန်လမ်းမသစ်ကြီးကဲ့သို့ ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် အခြားလမ်းမကြီးများ တွင် မိုင်နှုန်းကန့်သတ်ပေးခြင်း၊ လမ်းအမှတ်အသားနှင့်သတိပေးဆိုင်းဘုတ်များ တပ်ဆင်ထားခြင်း၊ စည်းကမ်းထိန်းသိမ်းခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းတို့ ပြုလုပ်ပေးပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမြန်လမ်းမကြီးမှာ အသွားနှစ်လမ်း၊ အပြန်နှစ်လမ်း လေးလမ်းသွားဖြစ် သော်လည်းပဲ ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် အခြားလမ်းမကြီးတွေကတော့ နှစ်လမ်းသွားဖြစ်ပြီး တော့ ယခုလိုရာသီမှာ လမ်းများပြုပြင်ထားတဲ့အတွက် ကတ္တရာတွေနဲ့ လမ်းတွေကကောင်းနေပါတယ်။ ဒါ့ကြောင့် ကားတွေက အမြန်မောင်းကြပါတယ်။ အထူးသဖြင့် လူနာတင်ကား၊ ပွိုင့်ကား၊ မီးလုံးအနီ တင်ထားတဲ့ကားတွေက အမြန်မောင်းပြီးတော့ အရမ်းကျော်တက်နေကြပါတယ်။ နောက်တွဲယာဉ်ကြီး များကလည်း တစ်စီးနှင့်တစ်စီးအပြိုင်မောင်း ကျော်တက်နေကြတာ တွေ့ရမှာဖြစ်ပါတယ်။ မြို့၊ ရွာများ တိုးချဲ့လာတဲ့အတွက် ရန်ကုန်-မန္တလေးလမ်းဟောင်းမှာ ရွာတွေကလည်း ရွာချင်းဆက်လုနီးပါးဖြစ်ပြီး ကျောင်းသွားကျောင်းပြန် ကလေးတွေကလည်း စက်ဘီး၊ ဆိုင်ကယ်တွေနဲ့သွားလာနေကြပါတယ်။ အဆိုးဆုံးကတော့ ကျေးရွာချင်းဆက်လမ်းတွေ၊ ကျေးရွာကနေလမ်းမကြီးဆက်တဲ့လမ်းတွေ ကောင်း လာတာနှင့်အမျှ မော်တော်ဆိုင်ကယ်များဈေးချိုလာတဲ့အတွက်လည်းကောင်း၊ ကျေးရွာသားများမှ

ဆိုင်ကယ်များ ဝယ်ယူစီးကြတဲ့အခါမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနားမလည်ခြင်း၊ မကျွမ်းကျင်ခြင်းတို့ကြောင့် ရွာလမ်းကနေလမ်းမကြီးပေါ်အတက်မှာ မကြာခဏတိုက်မိပြီး အသက်ဆုံးရှုံးမှုတွေများနေပါတယ်။ ၎င်းတို့ကမှားယွင်းတဲ့အတွက် ထိုက်သင့်တဲ့လျော်ကြေးငွေလည်း မရကြပါဘူး။ မကျွမ်းကျင်တဲ့လူကို အပြစ်တင်နေမယ့်အစား ကျွမ်းကျင်တဲ့လူတွေက ဆင်ဆင်ခြင်ခြင်မောင်းနှင်ခြင်းဖြင့် မတော်တဆဖြစ်စဉ်များလျော့နည်းပြီး ဘေးအန္တရာယ်ကင်းရှင်းနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အထက်ပါအဆိုအား တင်သွင်းရခြင်းဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အဆိုကိုထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာခင်မောင်ဆွေ(ကျောက်တံခါးမဲဆန္ဒနယ်)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကျောက်တံခါးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒိုက်ဦးမဲဆန္ဒနယ်က ဦးမင်းဆွေ တင်သွင်းသွားသောအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒိုက်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေ တင်သွင်းသွားသောအဆိုမှာ ကျေးလက်နေပြည်သူများရဲ့ ယာဉ်အန္တရာယ်ဖြစ်စေခြင်းမှ ကာကွယ်နိုင်သော၊ အလွန်အရေးတကြီးလိုအပ်တဲ့အဆိုဖြစ်တဲ့အတွက် လေးလေးနက်နက်ထောက်ခံပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနက ရှင်းလင်းဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမင်းဆွေမှ ရန်ကုန်-မန္တလေးအမြန်လမ်းမသစ်ကြီးကဲ့သို့ ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် အခြားလမ်းမကြီးများမှာ မိုင်နှုန်းကန့်သတ်ပေးခြင်း၊ လမ်းအမှတ်အသားနှင့် သတိပေးဆိုင်းဘုတ်များ တပ်ဆင်ထားခြင်း၊ စည်းကမ်းထိန်းသိမ်းခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ပေးပါရန် တင်သွင်းတဲ့အဆိုအား ထောက်ခံတင်ပြပေးမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးမှာ မိုင်နှုန်းသတ်မှတ်ချက်၊ လမ်းအမှတ်အသားနဲ့ သတိပေးဆိုင်းဘုတ်များတပ်ဆင်ခြင်း၊ စည်းကမ်းထိန်းသိမ်းခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းများကို အမြန်လမ်းမကြီး စတင်အသုံးပြုချိန်မှစပြီး ယနေ့အထိစဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်-မန္တလေးအမြန်လမ်းမသစ်ကြီးကဲ့သို့ ရန်ကုန်-မန္တလေးအဝေးပြေးလမ်း (လမ်းဟောင်း)နဲ့ အခြားလမ်းမကြီးများမှာ မြို့ရွာများဖြတ်သန်းသွားလာတဲ့နေရာများနဲ့ အန္တရာယ်ရှိတဲ့လမ်းအကွေ့များတွင်သာ မိုင်နှုန်းကန့်သတ်ချက်သတိပေးဆိုင်းဘုတ်များကို တပ်ဆင်အသုံးပြုခဲ့ပါတယ်။ လမ်းအမှတ်အသားနှင့် အခြားသောသတိပေးဆိုင်းဘုတ်၊ အသိပေးဆိုင်းဘုတ်၊ လမ်းညွှန်ဆိုင်းဘုတ်များ၊ ပညာပေးဆိုင်းဘုတ်များကို ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းများအတွက် ညွှန်ကြားချက်များ ထုတ်ပြန်ထားခဲ့ပြီး တပ်ဆင်အသုံးပြုဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်-မန္တလေးလမ်းဟောင်းဟာ နိုင်ငံတကာဆက်သွယ်ရေးလမ်းကြောင်းဖြစ်ပြီးတော့ အာရှ-အာဆီယံလမ်းမကြီးရဲ့အစိတ်အပိုင်းဖြစ်တာနှင့်အညီ လမ်းအမှတ်အသားများနဲ့သတိပေးဆိုင်းဘုတ်များကို နိုင်ငံတကာစံချိန်စံညွှန်းနဲ့အညီ တပ်ဆင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းများမှာ ယာဉ်စည်းကမ်းထိန်းသိမ်းခြင်း၊ အရေးယူဆောင်ရွက်ခြင်းလုပ်ငန်းများနှင့်ပတ်သက်ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့တို့နှင့်အတူ ပူးပေါင်းပြီး ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ စစ်ဆေးကြပ်မတ်ခြင်း၊ အပြစ်ပေးအရေးယူခြင်းများဆောင်ရွက်ပြီး၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကို လမ်းမကြီးများဥပဒေနဲ့အညီ အလေးထားဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးကဲ့သို့ ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့်အခြားလမ်းမကြီးများမှာ မိုင်နှုန်းကန့်သတ်ခြင်း၊ လမ်းအမှတ်အသားနှင့် သတိပေးဆိုင်းဘုတ်များတပ်ဆင်ထားခြင်း၊ စည်းကမ်းထိန်းသိမ်းခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ပေးပါရန် ကိုယ်စားလှယ်တော်ကြီးတင်သွင်းတဲ့အဆိုအား ကျွန်တော်တို့ဆောက်လုပ်ရေးဝန်ကြီးဌာနက မဖြစ်မနေဆောင်ရွက်ရမယ့်ကိစ္စရပ်များဖြစ်လို့ အလေးအနက်ထောက်ခံပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အဆိုနှင့်စပ်လျဉ်းပြီး အဆိုရှင် ဦးမင်းဆွေ၊ ဒိုက်ဦးမဲဆန္ဒနယ်ရဲ့သဘောထားဆန္ဒထပ်မံပြောပေးပါ။

**မူကြမ်း**

**ဦးမင်းဆွေ(ဒိုက်ဦးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ သက်ဆိုင်ရာဝန်ကြီးဌာနကလည်း သဘောတူတဲ့အတွက် ဒီအဆိုကို အတည်ပြုပေးဖို့ တင်ပြ အပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမင်းဆွေ တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးခဲ့ပါတယ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီး ဌာနကလည်း ဒီအဆိုဟာ မဖြစ်မနေလိုအပ်တဲ့အဆို၊ လုပ်ဆောင်ရမယ့်အဆိုဖြစ်တဲ့အတွက် ထောက်ခံ ဆွေးနွေးခဲ့ပါတယ်။ ဒါ့ကြောင့် ဒီအဆိုနဲ့စပ်လျဉ်းပြီး လွှတ်တော်ရဲ့အဆုံးအဖြတ် တစ်ပါတည်းရယူသွား မှာဖြစ်ပါတယ်။ ဦးမင်းဆွေတင်သွင်းတဲ့အဆိုကို လွှတ်တော်ကအတည်ပြုရန် သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် ဒိုက်ဦး မဲဆန္ဒနယ်မှ ဦးမင်းဆွေတင်သွင်းတဲ့အဆို အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော မြေသြဇာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ပေးပို့လာသော မြေသြဇာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ဖြစ်သော ၃-၂-၂၀၁၅ ရက်နေ့တွင် လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေ ကြမ်းကော်မတီ၏ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိ ပြင်ဆင်လိုသည့်အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၆-၂-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါ့ကြောင့်

မြေသြဇာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာ တင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့လူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် မြေသြဇာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြင်ဆင်ချက်ဖြင့် သဘောတူကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကပေးပို့သော တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေများနှင့် စပ်လျဉ်း၍ ပြင်ဆင်သည့်အဆိုကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကပေးပို့လာသော တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေများကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၁ နှင့်အညီ ၁၆-၁-၂၀၁၅ ရက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းနည်းဥပဒေများနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၂ နှင့်အညီ ဖြန့်ဝေတင်ပြသောနေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်းပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်ရန်အဆိုတင်သွင်းရမှာဖြစ်ပါတယ်။ ယခု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက အဆိုပြုပြင်ဆင်ချက်များ တင်သွင်းလာပါတယ်။ အဆိုပြုပြင်ဆင်ချက်များကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဒီနည်းဥပဒေနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၀-၂-၂၀၁၅ ရက်နေ့(သောကြာနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၈)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၉)ရက် မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို မနက်ဖြန် ၁၉-၂-၂၀၁၅ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၁၀း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]